2023-08-30

# ပညာရေးဘုတ်အဖွဲ့၏ နှစ်ရက်တာ ဘုတ်အဖွဲ့ အနားယူသုံးသပ်မှု အစီအစဉ်တွင် အောင်မြင်မှုအတွက် အားလုံးမျှဝေလက်ခံသည့် ရူပါရုံမျှော်မှန်းချက်အား ဖော်ထုတ်ခဲ့

DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့သည် ဩဂုတ်လ 23 ရက်၊ နှင့် 24 ရက်တို့တွင် နှစ်ရက်တာ အနားယူပြန်လည်သုံးသပ်မှု အစီအစဉ်တစ်ခုအား ဆောင်ရွက်ခဲ့ပြီး၊ အဆိုပါအစီအစဉ်၌ ၎င်းတို့သည် အကြောင်းအရာခေါင်းစဉ် အမျိုးမျိုးနှင့်ပတ်သက်၍ အဓိပ္ပါယ်ပြည့်ဝသော ဆွေးနွေးချက်များ ပြုလုပ်ဆောင်ရွက်ခဲ့လေသည်။ ဤတွင် အထွေထွေဝန်ဆောင်မှု အဆောက်အအုံအား အသုံးပြုမှု၊ ဆောက်လုပ်ရေးများနှင့် မွမ်းမံပြင်ဆင်မှုများ၊ Cognia ၏ တိုးတက်မှုအခြေအနေ ခရစ်ဒစ်ပေးမှုဆိုင်ရာ မွမ်းမံပြင်ဆင်ချက်များ၊ စာရင်းစစ် ရှာဖွေတွေ့ ရှိချက်များ၊ အထူးကြီးကြပ်သူဌာနမှူး၏ ပထမဆုံး ရက် 30 အပေါ် သုံးသပ်ချက်၊ နှင့် ဘုတ်အဖွဲ့အပေါ် အကဲဖြတ်သုံးသပ်မှု အစရှိသည့် အကြောင်းအရာများ ပါဝင်ပေသည်။ အဆိုပါ အနားယူပြန်လည်သုံးသပ်မှုသည် ခရိုင်၏ အနာဂါတ်အပေါ် အထူး အဓိကအာရုံပြုဆောင်ရွက်ကာ ပြန်လည်သုံးသပ်ဆင်ခြင်ခြင်း နှင့် စီမံကိန်းရေးဆွဲခြင်းတို့အတွက် အလွန်ပင် အကျိုးရှိ၊ အလုပ်ဖြစ်သောအချိန်တစ်ခု ဖြစ်ခဲ့ပေသည်။

"ကျွန်ုပ်တို့ရဲ့ ခရိုင် စီမံအုပ်ချုပ်သူများနဲ့အတူ ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ဆောင်ရွက်မှုလမ်းကြောင်းတွေကို ထိန်းသိမ်းထားဖို့ တကယ်ကို အရေးကြီးပါတယ်၊ ဒါမှ မေးခွန်းတွေကို မေးမြန်းပြီး၊ အဓိကကျတဲ့ တုံ့ပြန်မှတ်ချက်တွေကို ထောက်ပံ့ပေးရင်း ကျွန်ုပ်တို့ သတင်းအချက်အလက်တွေနဲ့ အဆက်အသွယ်မပြတ် ရှိနေနိုင်မှာပါ။ ဒီအနားယူသုံးသပ်မှုအစီအစဉ်ဟာဆိုရင် ဒီအရာတွေကို ဆောင်ရွက်ဖို့ အကောင်းဆုံး အခွင့်အလမ်းတစ်ရပ် ဖြစ်ခဲ့ပါတယ်၊" ဟု Mr. Diijon DaCosta မှ ပြောကြားခဲ့သည်။ "ဥက္ကဋ္ဌတစ်ဦးအဖြစ် ကျွန်တော့အနေနဲ့ ခရိုင်ရဲ့ နောက်ဆုံး တိုးတက်မှုအခြေအနေတွေနဲ့ပတ်သက်ပြီး ဘုတ်အဖွဲ့ဝင်တွေ သတင်းအချက်အလက် အဆက်မပြတ်ရရှိစေဖို့ အားထုတ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှု အမျိုးအစားဟာဆိုရင် ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ ပညာသင်တွေ၊ ဝန်ထမ်းတွေနဲ့ မိသားစုတွေရဲ့ အနာဂါတ်အတွက် အားလုံးမျှဝေလက်ခံတဲ့ ရူပါရုံမျှော်မှန်းချက်ဆီသို့ ဦးတည်လုပ်ဆောင်သွားစေနိုင်မှာပဲ ဖြစ်ပါတယ်။"

ဤသည်မှာ အဆိုပါသော ဆက်သွယ်ညှိနှိုင်းမှုများ၏ တန်ဖိုးအား အထူးအလေးပေးဖော်ပြခဲ့သည့် ဘုတ်အဖွဲ့ ဒုဥက္ကဋ္ဌဖြစ်သူ Mrs. Deirdre Pierce ၏ သဘောထားခံယူချက်ပင် ဖြစ်ပါသည်။

"ဒီလိုအနားယူသုံးသပ်မှုဆောင်ရွက်ချက်တွေဟာဆိုရင် ဆုံးဖြတ်ချက်တွေရဲ့ နောက်ကွယ်က 'ဘယ်လို' နဲ့ 'ဘာကြောင့်' ဆိုတဲ့အချက်တွေကို လေ့လာသင်ယူ၊ မျှဝေ၊ နားလည်လာစေဖို့ အရေးကြီးတဲ့

အခွင့်အလမ်းတွေကို ထောက်ပံ့ပေးပါတယ်” ဟု သူမက ဆိုသည်။ “ကျွန်မတို့ ဒီလိုအတူတကွ ဖြတ်သန်းခဲ့တဲ့အချိန်တွေအတွက် တကယ်ကို ဝမ်းမြောက်မိပြီး၊ ကျွန်မတို့ရဲ့ အားလုံးနဲ့စပ်သိရှိကြတဲ့ ကျွမ်းကျင် တင်ဆက်သူတွေနဲ့ အစီအစဉ်စီမံဆောင်ရွက်သူတွေဟာဆိုရင် အစိုးရအဖွဲ့အစည်းတစ်ခုအနေနဲ့ ကျွန်မတို့ရဲ့ ကျွမ်းကျင်မှုတွေကို မြှင့်တင်နိုင်စေဖို့ အဓိကအာရုံပြုထားတဲ့ အချက်အလက်တွေကို ထောက်ပံ့ပေးခြင်းအားဖြင့် အကောင်းဆုံး လုပ်ဆောင်ပေးခဲ့ကြပါတယ်၊”

အနားယူသုံးသပ်မှုအစီအစဉ်၏ အဓိက အာရုံပြုဆောင်ရွက်ထားသော အချက်များထဲမှ တစ်ချက်သည် အသစ်သော ကြီးကြပ်သူဌာနမှူး Dr. Devon Horton ၏ ပထမဆုံးသော ရက် 30 အတွေ့အကြုံနှင့်ပတ်သက်သည့် ဆွေးနွေးချက်ပင် ဖြစ်သည်။ ဘုတ်အဖွဲ့ဝင်များ အားလုံးသည် Dr. Horton ၏ “*အကောင်းဆုံးဖြစ်စေရန် ထုံးတမ်းစဉ်လာအား ရိုက်ချိုးသည့်*” ခေါင်းဆောင်မှုပုံစံအပေါ် တညီတညွတ်တည်း ချီးကျူးခဲ့ကြပြီး၊ 2023-2024 ကျောင်းပညာသင်နှစ်အား အောင်မြင်စွာ စတင်နိုင်စေရန် ၎င်း၏ အောင်မြင်ဆောင်ရွက်နိုင်မှုများအပေါ် ဂုဏ်ပြုခဲ့ကြသည်။

“ကျွန်မအနေနဲ့ ကျောင်းဖွင့်လှစ်တဲ့ ရက်သတ္တပတ်အပေါ် Dr. Horton ရဲ့ အပြုသဘော သုံးသပ်မှုနဲ့ ကျွန်မတို့ရဲ့ ကျောင်းသားပညာသင်တွေ အစွမ်းကုန် အောင်မြင်မှု ရရှိစေဖို့ သူ့ရဲ့ အဖွဲ့အစည်းဆိုင်ရာ ပြန်လည်ချိန်ညှိဆောင်ရွက်မှုတွေအပေါ် အရမ်းကို ကျေနပ်မိပါတယ်၊ DCSD မှာ တမူထူးခြားပြီး တောက်ပတဲ့ အနာဂါတ်ရှိလာမယ်လို့ ကျွန်မတို့ မျှော်လင့်ထားနိုင်ပါတယ်။ ကျွန်မတို့ရဲ့ ကျောင်းသားတွေ၊ ဝန်ထမ်းတွေနဲ့ ရပ်ရွာအဖွဲ့အစည်းတို့အတွက် အားလုံး အကျိုးရှိစေမယ့် အခြေအနေပဲ ဖြစ်ပါတယ်။” ဟု Mrs. Pierce မှ ပြောကြားခဲ့သည်။

ရှေ့ဆက်လုပ်ဆောင်ရမည့် အရာများ များစွာ ကျန်ရှိသေးသည်ကို အသိအမှတ်ပြုလျက် ဤနှစ်ရက်တာ ဘုတ်အဖွဲ့ အနားယူသုံးသပ်မှုအစီအစဉ်သည် ဆက်လက်တည်ဆောက်သွားနိုင်စေရန် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးပေးခဲ့ပေသည်။ ၎င်းသည် ခရိုင်၏ 92,000 နီးပါးသော ကျောင်းသားများ နှင့် 14,500 သော ဝန်ထမ်းများတို့အတွက် ပညာရေး၊ လူမှုရေး၊ စိတ်ခံစားချက်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ ရလဒ်များ ဖွံ့ ဖြိုးတိုးတက်လာစေရန်ဌာ အသစ်သော ခရိုင် စီမံအုပ်ချုပ်သူများ နှင့် ဘုတ်အဖွဲ့ ခေါင်းဆောင်မှုတို့အကြား သတင်းအချက်အလက် ဖလှယ်၊ ပူးပေါင်းဆောင်ရွက်မှုရှိသော အဖွဲ့ ချဉ်းကပ်မှုနည်းလမ်း အခြေခံစင်တစ်ခုကို သတ်မှတ်ပေးခဲ့သည်။

ပညာရေးဘုတ်အဖွဲ့ နှင့် ခရိုင် စီမံအုပ်ချုပ်သူများတို့အကြား ခိုင်မာသော လက်တွဲဆောင်ရွက်မှုသည် အလွန်ပင် အရေးကြီးပြီး၊ ဤအနားယူသုံးသပ်မှု အစီအစဉ်တစ်လျှောက်တွင်လည်း သိသာမြင်သာစွာ တွေ့ ရှိခဲ့ရပေသည်။ ၎င်းတို့၏ အစိုးရမှုသည် အကောင်းဆုံးသော ပညာရေး နှင့် တာဝန်ယူမှုရှိသော ငွေကြေးစီမံခန့်ခွဲမှုတို့အား မြှင့်တင်ဆောင်ရွက်ရန်ဌာ မူဝါဒများ ရေးဆွဲခြင်း၊ ရှင်းလင်းသော ရည်မှန်းချက်များနှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ တာဝန်ယူခြင်း၊ နှင့် ခရိုင်၏ ကနဦးရှေ့ဆောင်မှုများတွင် တန်းတူညီမျှမှုအား ဦးစားပေးခြင်း အစရှိသည်တို့အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကပြလျက် ရှိပေသည်။

XXX